## ရည်ရွယ်ချက်

စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း၊ ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည် လက်ဝတ်ရတနာများ ရောင်းချသည့်လုပ်ငန်းနှင့် ရုပ်သံလွှင့်မီဒီယာလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေ/ရငွေနှင့်အတူ ကျသင့်ကုန်သွယ် လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာထုတ် ပေးခြင်းလုပ်ငန်းစဉ်အား ရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်ပါသည်။

## ကျသင့်ကုန်သွယ်လုပ်ငန်းခွန်

ရောင်းရငွေ/ရငွေနှင့်အတူ လုပ်ငန်းအမျိုးအစားအလိုက် ကောက်ခံရမည့်ကုန်သွယ် လုပ်ငန်းခွန်နှုန်းထားများမှာ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- စားသောက်ဆိုင်လုပ်ငန်းမှရောင်းရငွေအပေါ်တွင် ➡ ၅%
- ရုပ်သံလွှင့်မီဒီယာလုပ်ငန်းမှရငွေအပေါ်တွင် ➡ ၅%
- ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းမှရငွေအပေါ်တွင် ➡ ၃%
- ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများရောင်းချသည့် လုပ်ငန်း ရောင်းရငွေအပေါ်တွင် ➡ ၃%

## လုပ်ငန်းရှင်၏ တာဝန်များ

လုပ်ငန်းရှင်များအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- အခွန်ထမ်းမှတ်ပုံတင်ခွင့်ပြုရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်ခြင်းကို လုပ်ငန်းမစတင်မီတစ်လ သို့မဟုတ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီတစ်လ ကြိုတင်၍လျှောက်ထားခြင်း၊
- ပြေစာများတွင်ကပ်နှိပ်နိုင်ရန် အခွန်အမှတ်တံဆိပ်များအား သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူထားခြင်း၊
- အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်း ကောက်ခံ၍ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်း၊
- လစဉ်အခွန်ပေးဆောင်ခြင်း (ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်းပေးဆောင်ခြင်း)၊
- သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လအတွင်းပေးပို့ရန်နှင့် နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာ နှစ်ကုန်ဆုံးပြီး သုံးလအတွင်းပေးပို့ရန်။



## အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်

- လုပ်ငန်းအမျိုးအစားအလိုက် အသုံးပြုရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစား များကို ခွဲခြားသတ်မှတ်ထားပါသည်။
- စားသောက်ဆိုင်လုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်း လုပ်ငန်းများ၏ ပြေစာများအပေါ်တွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပမာဏ အလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများမှာ QR Code စနစ် ပါရှိပြီး အောက်ပါအတိုင်း အမျိုးအစား (၇) မျိုး သတ်မှတ်ထားပါသည်-

| | | | |
|---|---|---|---|
| ❖ 50 Ks | ❖ 200 Ks | ❖ 1000 Ks | ❖ 10000 Ks |
| ❖ 100 Ks | ❖ 500 Ks | ❖ 5000 Ks | |




- ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည် လက်ဝတ်ရတနာများရောင်းချသည့်လုပ်ငန်း၏ ပြေစာများအပေါ် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများမှာ QR Code စနစ် ပါရှိပြီး အောက်ပါအတိုင်း အမျိုးအစား (၆) မျိုး သတ်မှတ်ထားပါသည်-

| | | |
|---|---|---|
| ❖ J-1(100Ks) | ❖ J-3(500Ks) | ❖ J-5(5000Ks) |
| ❖ J-2(200Ks) | ❖ J-4(1000Ks) | ❖ J-6(10000Ks) |









## အခွန်အမှတ်တံဆိပ်မှာကြားခြင်းနှင့် ထုတ်ယူခြင်း

- လုပ်ငန်းရှင်များအနေဖြင့် အခွန်အမှတ်တံဆိပ်မှာကြားရာတွင် သုံးလပတ်အတွင်း ရရှိမည့် ရောင်းရငွေ/ရငွေအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခန့်မှန်းလျက် လိုအပ်မည့် အခွန်အမှတ်တံဆိပ်အမျိုးအစားနှင့် အရေ အတွက်အား အခွန်စည်းကြပ်ခံယူလျက်ရှိသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး များတွင် လျှောက်ထားမှာကြားခြင်း။
- ပထမဆုံးအကြိမ်ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေး သွင်းရန်မလိုအပ်ဘဲ ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက် ထုတ်ယူသည့်အခါ ပထမအကြိမ်က ထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များ အနက် အသုံးပြုပြီး အခွန်အမှတ်တံဆိပ်များအတွက် ကျသင့်ကုန်သွယ်လုပ် ငန်းခွန် ပေးသွင်းခဲ့သည့် ချလန်များ တင်ပြရန် လိုအပ်ခြင်း။
- ကျသင့်ကုန်သွယ်လုပ်ငန်းခွန်အား အခွန်ခုနှိမ်ပေးသွင်းခြင်းဖြစ်ပါက ခုနှိမ်ခွင့် နှင့်သက်ဆိုင်သည့်ပုံစံများ တင်ပြရန်လိုအပ်ခြင်း။

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များ

- ပြေစာများအပေါ် ရှင်းလင်းမြင်သာသောနေရာ၌ အခွန်အမှတ်တံဆိပ်များကို စွဲမြဲစွာကပ်နှိပ်ရမည်ဖြစ်ပြီး တန်ဖိုးနည်းအခွန်အမှတ်တံဆိပ် အရေအတွက် များပြားစွာကပ်နှိပ်ခြင်းမပြုရန်။
- QR Code ဖတ်၍မရစေရန် အခွန်အမှတ်တံဆိပ်များ တစ်ခုနှင့်တစ်ခု ထပ်၍ စုပြုံကပ်နှိပ်ခြင်းမပြုရန်။
- QR Code ပါရှိသော အခွန်အမှတ်တံဆိပ်အပေါ်တွင် QR Code မပါရှိသော အခွန်အမှတ်တံဆိပ်အား အုပ်၍ကပ်နှိပ်ခြင်းမပြုရန်။
- အခွန်အမှတ်တံဆိပ်များအပေါ်တွင် ဆိုင်အမှတ်အသားတံဆိပ်ကို ထပ်၍ ပုံနှိပ်ခြင်းမပြုရန်။
- မှင်လုံးကြီးသည့် marker pen/ colour pen များဖြင့် ပယ်ဖျက်ခြင်းမပြုရန်။
- ကျသင့်အခွန်နှင့် အနီးစပ်ဆုံးတန်ဖိုးနှင့်တူညီသည့် တန်ဖိုးကြီးအခွန်အမှတ် တံဆိပ်များ ရွေးချယ်၍ စွဲမြဲစွာကပ်နှိပ်ရန်။
- အခွန်အမှတ်တံဆိပ်များ၏ အနိမ့်ဆုံးတန်ဖိုးမပြည့်သော ကျသင့်အခွန်ငွေ အစွန်းထွက်များကို အပြီးသတ်စည်းကြပ်မှုတွင် ထည့်သွင်းပေးဆောင်ရမည်။

## ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များ

လုပ်ငန်းရှင်များအနေဖြင့် အောက်ပါပျက်ကွက်မှုများအပေါ် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်းခံရမည်ဖြစ်ပါသည်-

❖ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊

❖ ပြေစာအားထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်း၊

သတ်မှတ်ချက်များနှင့်အညီ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည့်အပြင် ပျက်ကွက်မှု အကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်-

❖ ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

❖ ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

❖ တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

❖ တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၆၀ သိန်း။

အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်ပျက်ကွက်ခြင်းအတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း တိုင်ကြားလာသည့် ပြေစာအရေအတွက်အပေါ်အခြေပြု၍ ပျက်ကွက်မှုအကြိမ်ကို သတ်မှတ်ရမည်ဖြစ်ပါသည်။

## သတင်းပေးတိုင်ကြားခြင်း

❖ ပြည်သူများအနေဖြင့် အထက်ပါပျက်ကွက်ခြင်းများအတွက် သတင်းပေးတိုင်ကြားရာတွင် လုပ်ငန်းရှင်မှ အမှန်တကယ်ပျက်ကွက်ခြင်းဖြစ်ကြောင်း ပြေစာအထောက်အထားဖြင့်ဖြစ်စေ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်ဖြင့်ဖြစ်စေ အထောက်အထားခိုင်လုံစွာဖြင့် တိုင်ကြားရန် လိုအပ်ပါသည်။

❖ သတင်းပေးတိုင်ကြားခြင်းကို လုပ်ငန်းတည်ရှိရာနေရာ အခွန်ရုံးများတွင်သာမက မည်သည့်အခွန်ရုံးတွင်မဆို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုပါ။

## ဆုကြေးငွေချီးမြှင့်ခြင်း

❖ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် အထက်ပါပျက်ကွက်မှုများအတွက် သတင်းပေးတင်ပြသူက အထောက်အထားဖြင့် တင်ပြလာခြင်းဖြစ်ပါက သတင်းပေးတင်ပြသူအားလည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း တပ်ရိုက်သည့်ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်မည် ဖြစ်ပါသည်။



## ကျေးဇူးတင်လွှာ

❖ လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံကြီးသားပီသစွာဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

❖ စားသုံးသူပြည်သူများသည်လည်း လုပ်ငန်းရှင်များထံမှ ပြေစာတောင်းယူခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်အခများကို လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ရောက်ရှိရေး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

❖ နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်များကို လွတ်ကင်းမှုမရှိစေရန် ပူးပေါင်းဆောင်ရွက်ပေးကြပါသော ပြည်သူများနှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချ/ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအား ကျေးဇူးအထူးတင်ရှိပါသည်။




**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ဖုန်း-၀၁-၈၃၈၉၃၁၁၊၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ လမ်း၆၀၊ ၁၀၁(A)x၁၀၂လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်း စာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ
## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ







shutterstock.com · 792433567

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**"Tax by the Law, Service by our Heart"**